# အလုပ်လျှောက်လွှာခေါ်ယူခြင်း

| | | |
|---|---|---|
| **ရာထူးအမည်** | : | **ကွင်းဆင်းကြီးကြပ်ရေးမှူး (ရေသန့်ကျွမ်းကျင်)** |
| အရေအတွက် | : | (၂) ဦး |
| အစီရင်ခံတင်ပြမှု | : | စီမံချက်အရာရှိ |
| ဌာန | : | ကျန်းမာရေးဌာန |
| စီမံချက် | : | အနာဂတ်အတွက်သောက်သုံးရေစီမံချက် (ရှမ်းပြည်နယ်) |
| တာဝန်ကျရာနေရာ | : | တန့်ယန်း နှင့် နမ့်ဆန် |
| Grade | : | C2 |
| အကျိုးခံစားခွင့်များ | : | လစာ + ကိုယ်ခန္ဓာထိခိုက်မှုနှင့်ရောဂါဘယအာမခံ + နေထိုင်စရိတ်+ လုပ်ငန်းတွင်းသင်တန်းများ + ခရီးသွားစရိတ် + ရှောင်တခင်ခွင့် + ကူးစက်ရောဂါကာကွယ်ခွင့် + လုပ်သက်ခွင့် + ဆေးလက်မှတ်ခံစားခွင့် + မီးဖွားခွင့် + အစားထိုးခံစားခွင့် |
| **လျှောက်လွှာပိတ်ရက်** | : | **၅.၀၅.၂၀၂၁၊ (၁၆:၃၀)နာရီ** |

စီမံချက် ၏ ရည်ရွယ်ချက်မှာ ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်နှင့် နမ့်ဆန် မြို့နယ်ရှိ စီမံချက် ကျေးရွာများမှ ထိခိုက်နိုင်ခြေရှိသည့် ပြည်သူလူထုမှ အနာဂတ်တွင် သောက်ရေသုံးရေများ လုံလောက်စွာ ရရှိရန်နှင့် သန့်ရှင်းသာယာသော ပတ်ဝန်းကျင်တွင် နေထိုင်နိုင်ရပြီး ကျန်းမာရေး အသိပညာများ ပိုမိုတိုးတက် မြင့်မားလာသော ကျေးရွာများဖြစ်ပေါ်စေရန် ရည်ရွယ်ပါသည်။ ကျေးရွာလူထုကိုယ်တိုင် ကျေးရွာ၏ အဓိက ကျန်းမာရေးပြဿနာများကို ကိုယ်တိုင်ဖော်ထုတ်နိုင်ပြီး ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာလုပ်ငန်းများအား ၎င်းတို့ကိုယ်တိုင် ချိတ်ဆက် စီမံဆောင်ရွက်နိုင်ရန် အတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးရန်ဖြစ်ပါသည်။ ရပ်ရွာလူထု ကျန်းမာပြီး ကြံ့ကြံ့ခံနိုင်သော ကျေးရွာများတည်ဆောက်နိုင်ရေးအတွက် ကျေးရွာများရှိ ကျေးရွာကော်မတီများ၊ လူငယ် အဖွဲ့အစည်းများ၊ ကျေးရွာစေတနာလုပ်အားရှင်များ၊ မြို့နယ်ကြက်ခြေနီစေတနာလုပ်အားရှင်များအား စွမ်းဆောင်ရည်မြှင့် သင်တန်းများပေးခြင်းနှင့် မြို့နယ်ကြက်ခြေနီအသင်းခွဲများ၏ စွမ်းဆောင်ရည် မြှင့်တင်ရေး လုပ်ငန်းများပါဝင်ပါသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ၏ မူဘောင်အတွင်းမှ ကြက်ခြေနီ လှုပ်ရှားမှု၏ အခြေခံမူများအား လေးစားလိုက်နာခြင်းအားဖြင့် **စီမံချက်ကွင်းဆင်းကြီးကြပ်ရေးမှူး (ရေသန့်ကျွမ်းကျင်)**သည် ဦးတည်ကျေးရွာများတွင် ချမှတ်အကောင်အတည်ဖော်မည့် ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်များ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ စီမံချက်အရာရှိကို အကူအညီပေးကာ ဒေသခံအာဏာပိုင်အဖွဲ့အစည်းများ၊ ကျေးလက် ကျန်းမာရေး ဌာနများနှင့် ချိတ်ဆက်ပူးပေါင်း ဆောင်ရွက်ရန်ဖြစ်ပါသည်။

"Person with disability are encouraged to apply this post as they will be given equal opportunity"

"Our recruitment and selection procedures reflect our commitment to the safety and protection of children, and prevention of violence among communities members in our programs"



Myanmar Red Cross Society

**တာဝန်နှင့်ဝတ္တရားများ**

(၁) ကွင်းဆင်းကြီးကြပ်ရေးမှူး(ရေသန့်ကျွမ်းကျင်)သည် စီမံချက်အရာရှိ၏ လမ်းညွှန်မှုကိုခံယူ၍ ကျေးရွာများတွင် စီမံချက် လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ရမည်။

(၂) ကွင်းဆင်းကြီးကြပ်ရေးမှူး(ရေသန့်ကျွမ်းကျင်)သည် စီမံချက်၏ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်ရေးဆွဲရေး၊ အကောင်အထည်ဖော်ရေးနှင့် ဆန်းစစ်လေ့လာရေး လုပ်ငန်းများကို ကျေးရွာအဆင့်တွင် အဓိကတာဝန်ယူ ဆောင်ရွက် ရမည်။

(၃) လိုအပ်လာပါက ကျေးရွာများတွင် သဘာဝဘေးကာကွယ်တားဆီးရေးနှင့် တုန့်ပြန်မှုများကို ဆောင်ရွက်နိုင်ရန် အတွက် လိုအပ်သော ဆောက်လုပ်ရေး လုပ်ငန်းများတွင် ဦးဆောင်ရပါမည်။

(၄) စီမံကိန်းဝင်ကျေးရွာများတွင် ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ စီမံကိန်း အဆိုပြုလွှာများ လုပ်ဆောင်ရာတွင် ကျေးရွာကျန်းမာရေးကော်မတီနှင့် စေတနာလုပ်အားရှင်များအား ပံ့ပိုး ကူညီပေးရမည်။

(၅) ကျေးရွာရှေ့လုပ်ငန်းစဉ်များအား သတ်မှတ်ချက်အတိုင်း အကောင်အထည်ဖော်နိုင်ရန် လိုအပ်သော ကူညီပံ့ပိုးမှု များပေးရမည်။

(၆) ကျေးရွာကျန်းမာရေးကော်မတီ၊ စေတနာလုပ်အားရှင်များအား ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး ဆိုင်ရာ လုပ်ငန်းများ (အမျိုးသမီးလစဉ်တစ်ကိုယ်ရေ သန့်ရှင်းရေး အပါအဝင်) ကျွမ်းကျင်စွာ ဆောင်ရွက်ရန် သင်တန်းများပေးခြင်းတွင် ဦးစီး ဆောင်ရွက်နိုင်ရမည်။

(၇) စီမံချက်လုပ်ငန်းများ ရေရှည်တည်တံ့စေရန်လူထုများအား စည်းရုံးလှုံ့ဆော်ခြင်းလုပ်ငန်းများ ဆောင်ရွက် တတ်စေရန် အကူအညီပေးရမည်။

(၈) စီမံချက်အရာရှိသို့ ကျေးရွာများ၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာများ (လစဉ်နှင့်၃လပတ်) ကို သတ်မှတ် ချိန်အတွင်းပေးပို့တင်ပြရမည်။

(၉) ကျေးရွာအတွင်း တိုးတက်ပြောင်းလဲမှုများ၊ အခက်အခဲများ၊ လိုအပ်ချက်များအား လစဉ် ကွင်းဆင်းကြီးကြပ် ပေးရမည်။

(၁၀) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာကျန်းမာရေးကော်မတီ၊ ကျေးရွာရှိအခြားအဖွဲ့ အစည်းများ၊ ရပ်မိရပ်ဖများနှင့် ရင်းနှီးစွာပူးပေါင်းဆောင်ရွက်ရမည်။

(၁၁) ကွင်းဆင်းကြီးကြပ်ရေးမှူး(ရေသန့်ကျွမ်းကျင်)သည် ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ ဆောက်လုပ်ရေး လုပ်ငန်း များတွင် နည်းပညာပိုင်းဆိုင်ရာ အကူအညီလိုအပ်ပါက သက်ဆိုင်ရာ ရေသန့်အရာရှိထံသို့ တိုက်ရိုက်သတင်းပို့တင်ပြပြီး အပြင် မိမိ မြို့နယ်စီမံချက် အရာရှိထံသို့လည်းတင်ပြထားရမည်။ လိုအပ်သည်ဟုယူဆပါက သက်ဆိုင်ရာကျေးရွာ တာဝန်ခံ ကွင်းဆင်းကြီးကြပ်ရေးမှူးနှင့်လည်း ညှိနှိုင်းဆောင်ရွက်သွားရမည်။

(၁၂) မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ဆွီဒင်နိုင်ငံကြက်ခြေနီအသင်း တို့၏ ကွင်းဆင်းကြီးကြပ်ရေး ခရီးစဉ်များ၊ နည်းပညာများပံ့ပိုးမှုခရီးစဉ်များတွင် လိုအပ်သောပြင်ဆင်ဆောင်ရွက်မှုများကို ဆောင်ရွက်ပေးရမည်။

(၁၃) စီမံချက်အရာရှိမှ ပေးအပ်သောတာဝန်များအား ကျေပွန်စွာဆောင်ရွက်ပေးရမည်။

Myanmar Red Cross Society

"Person with disability are encouraged to apply this post as they will be given equal opportunity"

"Our recruitment and selection procedures reflect our commitment to the safety and protection of children, and prevention of violence among communities members in our programs"

**လိုအပ်သောအရည်အချင်းများ**

- **တက္ကသိုလ်ဝင်တန်း တက်ရောက်ဖူးသူဖြစ်ရမည်။**
- လူထုအခြေပြုကျန်းမာရေးလုပ်ငန်းများတွင် ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ လုပ်ငန်းများ၌ အတွေ့အကြုံ **(၂)နှစ်ရှိသူ** ဖြစ်ရမည်။
- ကွန်ပျူတာအခြေခံ ကျွမ်းကျင်သူဖြစ်ရမည်။ Drawing ဖတ်တတ်ရမည်။
- ဆက်ဆံရေးပြေပြစ်ကောင်းမွန်သူ ဖြစ်ရမည်။
- မြန်မာနိုင်ငံကြက်ခြေနီအသင်းတွင် စေတနာလုပ်အားရှင်အဖြစ် ကြာရှည်လက်တွဲပါဝင်ဆောင်ရွက်ဖူးသူကို ဦးစားပေးမည်
- စီမံချက်လုပ်ငန်းများကို ထိထိရောက်ရောက်နှင့် အချိန်ပြည့်တာဝန် ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- မော်တော်ဆိုင်ကယ်အား ကျွမ်းကျင်စွာနှင့်လုံခြုံစိတ်ချစွာ မောင်းနှင်နိုင်သူဖြစ်ရမည်၊ယာဉ်မောင်းလိုင်စင်(က)ရှိရမည်။
- မြန်မာဘာသာစကားကို ကောင်းမွန်စွာ ရေးသားပြောဆိုတတ်သူဖြစ်ရမည်။
- အင်္ဂလိပ်ဘာသာစကားရေးသားပြေဆိုတတ်သူကို ဦးစားပေးမည်။
- ဒေသသုံးတိုင်းရင်းသားဘာသာ စကားတတ်သူကို ဦးစားပေးရွေးချယ်မည် ဖြစ်ပါသည်

**စိတ်ပါဝင်စားသူများသည် ကိုယ်ရေးရာဇဝင်နှင့်အတူ လိုအပ်သောအထောက်အထား မိတ္တူ/PDF Version ဖြင့် ပြည့်စုံစွာပေးပို့လျှောက်ထားမှသာလျှင် ထည့်သွင်းစဉ်းစားမည် ဖြစ်ပါသည်-**

| | |
|---|---|
| **မြန်မာနိုင်ငံကြက်ခြေနီအသင်း** | **မြန်မာနိုင်ငံကြက်ခြေနီအသင်း** |
| **ရုံးချုပ်** | **ရုံးခွဲ** |
| **ရာဇသင်္ဂဟလမ်းမကြီး၊ ဒက္ခိဏသီရိမြို့၊** | **အမှတ်(၄၂)၊ ကမ်းနားလမ်း၊ဗိုလ်တထောင်မြို့နယ်၊** |
| **နေပြည်တော်။** | **ရန်ကုန်။** |

(သို့မဟုတ်) mrcshrrecruitment@redcross.org.mm သို့လိပ်မူကာပေးပို့ရမည်။
အသေးစိတ်အချက်အလက်များအား www. redcross.org.mm တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**လူတွေ့စစ်မေးခြင်းရွေးချယ်ခံရသူကိုသာအကြောင်းကြားမည်ဖြစ်ပါသည်။**

"Person with disability are encouraged to apply this post as they will be given equal opportunity"

"Our recruitment and selection procedures reflect our commitment to the safety and protection of children, and prevention of violence among communities members in our programs"

*MRCS_SwRC _Field Supervisor(WASH) for Health Department/ Future for Water 21/04/2021* *(032)*

Myanmar Red Cross Society